မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

# မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

# မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း
# ၏
# သင်းဖွဲ့မှတ်တမ်း

**နိဒါန်း**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းသည် အများ ပြည်သူတို့၏ ကျန်းမာရေးအဆင့် မြင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကဆေးရုံများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းလုပ်ငန်း၊ ရောဂါကုသခြင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးရာတွင် အသင်းအဖွဲ့အဖြစ် ဦးဆောင်စီမံနိုင်ရေးနှင့် အရည်အသွေးမှီ၍ ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အတွက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများ အသင်း ( MYANMAR PRIVATE HOSPITALS' ASSOCIATION )ကို ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

**၁။ အမည်**

ဤအသင်းကို မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ( MYANMAR PRIVATE HOSPITALS' ASSOCIATION) (MPHA) ဟု ခေါ်တွင်စေရမည်။

**၂။ တည်နေရာ**

အသင်း၏မှတ်ပုံတင်တည်နေရာမှာ အမှတ်(၂၉)မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင် များ အသင်းချုပ်(UMFCCI) တွင်ရှိစေရမည်။

**၃။ ရည်ရွယ်ချက်များ**

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) နိုင်ငံတော်မှ ချမှတ်ပေးသော ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးရန်။

(ခ) အများပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ကို ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရန်။

(ဂ) ပုဂ္ဂလိကဆေးရုံများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အများပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ပေးရန်။

(ဃ) မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ပုဂ္ဂလိက ဆေးရုံများ၏အရည်အသွေး အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ပေးရန်။

(င) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်ဆောင်ရွက် ရာတွင် နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမိတ်ဖက် အဖွဲ့အစည်းများ၊ သတင်းနှင့်စာနယ်ဇင်းအဖွဲ့များနှင့် အတူတကွပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ရန်။

## ၄။ အသင်းဝင်များ၏တာဝန်များ

အသင်းဝင်များသည် နိုင်ငံတော်မှ ချမှတ်ပေးသော ကျန်းမာရေးမူဝါဒနှင့်အညီ အများပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍမှ အရည်အသွေး၊ အဆင့်အတန်းမှီအောင် မြှင့်တင်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ဦးဆောင်မှုအောက်တွင် ညီညီညွတ်ညွတ်ဖြင့် ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

## ၅။ အသင်းပိုင်ပစ္စည်း

အသင်းပိုင်ပစ္စည်းနှင့်အကျိုးအမြတ်ငွေကို ဤသင်းဖွဲ့မှတ်တမ်းတွင် ဖော်ပြပါရှိသော အသင်း၏ ရည်ရွယ်ချက်များ အထမြောက်အောင်မြင်စေရန်အတွက်သာ အသုံးပြုရမည်။

## ၆။ သင်းဖွဲ့မှတ်တမ်းစည်းမျဉ်း ပြင်ဆင်ပြောင်းလဲခွင့် *

သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် ဖြည့်စွက်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်း (သို့မဟုတ်) ပြင်ဆင်ခြင်းတို့ကို အသင်းသားစုံညီ အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်။

ဤဖွဲ့စည်းပုံစည်းမျဉ်းတစ်ခုလုံးကို ဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ပြင်ဆင်လိုလျှင်(သို့) ပယ်ဖျက်လိုလျှင် နှစ်ပတ်လည်နှင့်အထူးမျက်နှာစုံညီ အစည်းအဝေးတွင်သာ စဉ်းစားဆုံးဖြတ်ရမည်။

နှစ်ပတ်လည်အစည်းအဝေး၊ အထူးမျက်နှာစုံညီအစည်းအဝေးများကို အသင်းဝင်ဦးရေ၏ (၃)ပုံလျှင်(၂)ပုံခန့် သဘောတူဆန္ဒပေးမှသာ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်ရမည်။

ဤကိစ္စအလို့ငှာခေါ်ဆိုသော အစည်းအဝေးတွင်အသင်းဝင်ဦးရေ၏ (၃)ပုံလျှင်(၂)ပုံ မတက်ရောက်သဖြင့် အစည်းအဝေးအထမမြောက်လျှင် အစည်းအဝေးကို (၇)ရက် ရွှေ့ဆိုင်းကျင်းပရမည်။ ရွှေ့ဆိုင်းသောအစည်းအဝေးတွင် သတ်မှတ်ထားသော အသင်းဝင် ဦးရေ တက်ရောက်မှသာ အစည်းအဝေးအထမြောက်ရမည်။ ဤရွှေ့ဆိုင်းသော အစည်းအဝေးကို အထမြောက်ရန် တက်ရောက်သောအသင်းဝင်ဦးရေမပြည့်လျှင် အဆိုပါကိစ္စကို စဉ်းစားခြင်းမပြုဘဲ ပယ်ဖျက်ပစ်ရမည်။

## ၇။ အသင်းဖျက်သိမ်းသောအခါ ငွေကြေးတာဝန်

အသင်းကိုဖျက်သိမ်းသောနေ့၌ အသင်းသားဖြစ်သူနှင့် ထိုနေ့မတိုင်မီတစ်နှစ်အတွင်း အသင်းသား အဖြစ်မှ ရပ်စဲခဲ့သော မည်သူမဆို မိမိအသင်းသားဖြစ်စဉ်က အသင်းကတင်ရှိသော ကြွေးမြီနှင့် အသင်းကို ဖျက်သိမ်းရာ၌ ကုန်ကျသောစရိတ်ငွေကြေးအတွက် ဝေပုံကျ အသီးသီး ပေးလျော်ရန် တာဝန်ရှိသည်။ ယင်းသို့အသင်းသား အချင်းချင်းပေးလျော်ရန် တာဝန်ကို ဝေပုံချရာ၌ အသင်းသားတစ်ဦး၏ သာမည တာဝန်မှာ မိမိပေးဆောင်ရသော နှစ်စဉ်ကြေးထက် မပိုစေရ။

**၈။ ဖျက်သိမ်းပြီး ပိုင်ငွေထုခွဲခြင်း**

အသင်းကို ဖျက်သိမ်း၍ ပေးလျော်ရန်ရှိသော ကြွေးမြီတာဝန်အားလုံးကို ရှင်းလင်းပြီးနောက် အသင်းပိုင်ပစ္စည်းတစ်စုံတစ်ရာကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသောပစ္စည်းများကို အသင်းသားများအား ခွဲဝေ၊ ဝေငှ၊ ပေးကမ်းလွှဲပြောင်းခြင်းမပြုဘဲ အသင်းကိုဖျက်သိမ်းသည့်အခါ၊ အသင်းနှင့် ရည်ရွယ်ချက်ခြင်း ဆင်တူယိုးမှားရှိသော အခြားအသင်းအား လွှဲပြောင်းလှူဒါန်းရမည်။

**၉။ စည်းကမ်းချက်များ**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၂၀ ခုနှစ်၊ လ၊ ( )ရက်စွဲပါ၊ လိုင်စင်အမှတ်-( )တွင် ဖော်ပြပါ စည်းကမ်းချက်များကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

**၁၀။ စည်းကမ်းဖောက်ဖျက်သူ၏ တာဝန်**

အကယ်၍ တစ်စုံတစ်ယောက်သော အသင်းသားသည် ဤသင်းဖွဲ့မှတ်တမ်းအပိုဒ်(၉)ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အသင်းပိုင်ပစ္စည်းများကို အမြတ်ဖြင့်သော်လည်းကောင်း၊ ဆုအဖြစ်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း၊ မည်သူမဆိုလွှဲပြောင်းပေးကမ်းခဲ့သော် (သို့မဟုတ်) လွှဲပြောင်းပေးကမ်းခြင်းကို လက်ခံခဲ့သော် ထိုကျူးလွန်သူ၏ ပေးလျော်ရန်တာဝန်မှာ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း ဖြစ်သည်။

**၁၁။ နိုင်ငံတော်၏ တည်ဆဲဥပဒေများလိုက်နာရန်တာဝန်**

နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ် ပြီး အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေ(၂၆) နှင့်အညီ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းကို တည်ထောင်ဖွဲ့စည်းရန် အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။

## မာတိကာ


၁။ အမည်
၂။ အသင်းဝင်ဦးရေကန့်သတ်ချက်
၃။ ရည်ရွယ်ချက်များ
၄။ အသင်းဝင်အရည်အချင်း၊ အခွင့်အရေးနှင့် အကျိုးခံစားခွင့်
၅။ အသင်းဝင်အဖြစ်တင်သွင်းခြင်း
၆။ တံဆိပ်ရိုက်နှိပ်ခြင်း
၇။ အသင်းဝင်လက်မှတ်ထုတ်ပေးခြင်း
၈။ အပယ်ခံရသော အဆို ပြုလွှာ
၉။ အသင်းသားမှတ်ပုံတင်စာအုပ်
၁၀။ အသင်းတံဆိပ်
၁၁။ ဝင်ကြေးနှင့်နှစ်စဉ်ကြေး
၁၂။ နှုတ်ထွက်ခြင်း
၁၃။ အသင်းဝင်အဖြစ် နှုတ်ပယ်ခြင်း၊ ရပ်စဲခြင်း၊ အယူခံခြင်း
၁၄။ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
၁၅။ ဖွဲ့စည်းပုံ
၁၆။ ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်တာဝန်များ
၁၇။ အသင်း၏ ဗဟိုအလုပ်မှုဆောင်သက်တမ်း၊ အရည်အချင်းနှင့် တာဝန်အပြောင်းအလဲ
၁၈။ ဗဟိုအလုပ်အမှုဆောင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ
၁၉။ စည်းမျဉ်းများအား လိုက်နာခြင်း
၂၀။ စည်းမျဉ်းများကို ပြင်ဆင်ခြင်း
၂၁။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏တာဝန်
၂၂။ အစည်းအဝေးကျင်းပခြင်း
၂၃။ ရန်ပုံငွေ
၂၄။ ငွေကြေးဆိုင်ရာကိစ္စများ
၂၅။ အခြေခံအဆောက်အအုံတည်ဆောက်မှုလုပ်ငန်းအကူအညီ
၂၆။ ပြည်နယ်/တိုင်းဒေသကြီးလုပ်ငန်းအသင်းခွဲများ
၂၇။ ဖွဲ့စည်းပုံအင်အား
နောက်ဆက်တွဲ

## မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း(တရားဝင်တည်ထောင်ထားသော)
၏

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

**၁။ အမည်**

ဤအသင်း၏အမည်ကို မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာအားဖြင့် ( MYANMAR PRIVATE HOSPITALS' ASSOCIATION) (MPHA) ဟူ၍ လည်းကောင်း ခေါ်တွင်စေပြီး စည်းမျဉ်းများ၌ "အသင်း" ဟူ၍သာ ဖော်ပြထားသည်။

**၂။ အသင်းဝင်ဦးရေကန့်သတ်ချက်**

အသင်းဝင်ဦးရေကန့်သတ်ချက်မရှိစေရ။

**၃။ ရည်ရွယ်ချက်များ**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ အောက်ဖော်ပြပါရည်ရွယ်ချက်များကို အထမြောက်အောင်ဆောင်ရွက်ရန်ဖြစ်သည်။

(က) နိုင်ငံတော်မှ ချမှတ်ပေးသော ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးရန်။

(ခ) အများပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ကို ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရန်။

(ဂ) ပုဂ္ဂလိကဆေးရုံများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အများပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ပေးရန်။

(ဃ) မြန်မာနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ပုဂ္ဂလိက ဆေးရုံများ၏အရည်အသွေး အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ပေးရန်။

(င) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းနှင့်စာနယ်ဇင်းအဖွဲ့များနှင့် အတူတကွပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်။

**၄။ အသင်းဝင်အရည်အချင်း၊ အခွင့်အရေးနှင့် အကျိုးခံစားခွင့်**

အသင်းဝင်များသည် **နောက်ဆက်တွဲ(က)** အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ ပြည့်စုံသူများ ဖြစ်ရမည်။

**၅။ အသင်းဝင်အဖြစ်တင်သွင်းခြင်း**

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းတွင် ပါဝင်လိုသူသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့က ထုတ်ပေးသည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအတွင်းရှိ ဆေးရုံကို တစ်ဦးတည်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း၊ ကုမ္ပဏီအနေဖြင့်လည်းကောင်း၊ တည်ထောင်ဆောင်ရွက်လျက်ရှိသူဖြစ်ရမည့်အပြင် အသင်းကပြဋ္ဌာန်းထားသော အဆိုပြုလွှာပုံစံပေါ်တွင် ဝန်ခံလက်မှတ်ရေးထိုး၍ အသင်းသားတစ်ဦးအား အဆိုတင်သွင်းစေလျက် အခြားအသင်းသားတစ်ဦးအား ထောက်ခံစေရမည်။ အသင်းသားအဖြစ် လက်ခံသင့်/မသင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်မီသူများ၊ အရည်အသွေးရှိသူများအား အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ဂုဏ်ထူးဆောင်အသင်းသားအဖြစ်သော်လည်းကောင်း၊ တွဲဖက်အသင်းသားအဖြစ်သော် လည်းကောင်းသတ်မှတ်နိုင်သည်။

**၆။ တံဆိပ်ရိုက်နှိပ်ခြင်း**

အသင်း၏ ဆုံးဖြတ်ချက်ဖြင့်သာပေးသည့် အခွင့်အာဏာအရမှ တစ်ပါးအသင်း၏တံဆိပ်ကိုမည်သည့် စာရွက်စာတမ်းတွင်မျှ ရိုက်နှိပ်ခြင်းမပြုရ။

**၇။ အသင်းဝင်လက်မှတ်ထုတ်ပေးခြင်း**

အသင်းသို့ ဝင်ခွင့်ရသောသူအား အသင်းသားဖြစ်ကြောင်း အသိအမှတ်ပြုရန်အတွက်အသင်း၏ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က လက်မှတ်ရေးထိုး၍ အသင်းတံဆိပ်ရိုက်နှိပ်ထားသော အမှုဆောင်အဖွဲ့က ပြဋ္ဌာန်းသည့်လက်မှတ်/ကဒ်ပြားတွင် သက်ဆိုင်ရာအသင်းသား၏ထိုးမြလက်မှတ်ပုံစံပါရှိစေရမည်။

**၈။ အပယ်ခံရသော အဆို ပြုလွှာ**

အကယ်၍ အသင်းဝင်ရန်အဆိုပြုထားသူသည် အသင်းဝင်ခွင့်မရရှိပါက နောက် (၆) လကြာရှိသောအခါတိုင်း အသင်းဝင်ခွင့်ရရန် အသင်းဝင် (၃)ဦး၏ ထောက်ခံချက်ဖြင့် ပြန်လည်လျှောက်ထားနိုင်ခွင့်ရှိသည်။

**၉။ အသင်းသားမှတ်ပုံတင်စာအုပ်**

အသင်းသားမှတ်ပုံတင် စာအုပ်ထားရှိရမည်။ အသင်းသားဖြစ်သော ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီ လုပ်ငန်းများတွင် အုပ်ချုပ်ရေးအဖွဲ့ အပြောင်းအလဲရှိပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ တင်ပြချက် (သို့မဟုတ်) ကုမ္ပဏီ၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အသင်း၏မှတ်ပုံတင်စာအုပ်တွင် ပြင်ဆင်နိုင်ရန်အတွက် တစ်လအတွင်း အထွေထွေအတွင်းရေးမှူးထံ အကြောင်းကြားရမည်။

**၁၀။ အသင်းတံဆိပ်**

အသင်းတံဆိပ်ကို အလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်နိုင်သည်။

**၁၁။ ဝင်ကြေးနှင့်နှစ်စဉ်ကြေး**

အသင်းသားတစ်ဦး၏ ဝင်ကြေးနှင့်နှစ်စဉ်ကြေးမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ပေးသည့် ဆေးရုံတွင် ကုသပေးလျက်ရှိသော လူနာကုတင်အရေအတွက်ပေါ် မူတည်၍ အောက်ပါအတိုင်း ဝင်ကြေးကို တစ်ကြိမ်တည်းနှင့် နှစ်စဉ်ကြေးကို နှစ်စဉ် ပေးသွင်းရမည်။

(က) ကုတင် ( ၂၅ )အထိ ဝင်ကြေး ကျပ် - ၅၀၀,၀၀၀/- ( ကျပ်ငါးသိန်းတိတိ )
နှစ်စဉ်ကြေး ကျပ် ၂၅၀၀၀၀/- ( ကျပ်နှစ်သိန်းငါးသောင်းတိတိ)

(ခ) ကုတင် ( ၅၀ )အထိ ဝင်ကြေး ကျပ် - ၁,၀၀၀,၀၀၀/- ( ကျပ်တစ်ဆယ်သိန်းတိတိ )
နှစ်စဉ်ကြေး ကျပ် ၅၀၀,၀၀၀/- ( ကျပ်ငါးသိန်းတိတိ)

(ဂ) ကုတင် ( ၁၀၀ )အထိ ဝင်ကြေး ကျပ် - ၁,၅၀၀,၀၀၀/- ( ကျပ်တစ်ဆယ့်ငါးသိန်းတိတိ )
နှစ်စဉ်ကြေး ကျပ် ၇၅၀၀၀၀/- ( ကျပ်ခုနှစ်သိန်းငါးသောင်းတိတိ)

(ဃ) ကုတင် ( ၁၀၀ )အထက် ဝင်ကြေး ကျပ် - ၂,၀၀၀,၀၀၀/- ( ကျပ်နှစ်ဆယ်သိန်းတိတိ )
နှစ်စဉ်ကြေး ကျပ် ၁,၀၀၀,၀၀၀/- ( ကျပ်တစ်ဆယ်သိန်းတိတိ)

**၁၂။ နှုတ်ထွက်ခြင်း**

မည်သည့် အသင်းသားမဆို အသင်းမှနှုတ်ထွက်လိုလျှင် အတွင်းရေးမှူးထံသို့ နှုတ်ထွက်လိုကြောင်း စာဖြင့်ရေးကာ ရက်ပေါင်း (၃၀)တိတိ ကြိုတင်အကြောင်းကြားလျှင် နှုတ်ထွက်နိုင်သည်။ အကြောင်းကြားရက် ကုန်ဆုံးသောအခါ ထိုသူအား အသင်းသားအဖြစ်မှ ရပ်စဲရမည်။ မိမိက ကြိုတင် ပေးဆောင်ထားသော ငွေကြေးတစ်စုံတစ်ရာ တောင်းဆိုနိုင်ခွင့်မရှိစေရ။

**၁၃။ အသင်းဝင်အဖြစ် နှုတ်ပယ်ခြင်း၊ ရပ်စဲခြင်း၊ အယူခံခြင်း**

အသင်းသားတစ်ဦးဦးသည် **နောက်ဆက်တွဲ(ခ)**ပါ အချက်အလက်များအနက်မှ တစ်ခုခုအား ဖောက်ဖျက်လျှင် ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အသင်းသား အဖြစ် ဆက်လက်ထားရှိနေခြင်းကို မလိုလားအပ်ဟု ယူဆလျှင်ဖြစ်စေ၊ ယင်းအသင်းသားအား ထုတ်ပယ်ရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်နိုင်သည်။ ထိုဆုံးဖြတ်ချက်ကို အသင်းသား မျက်နှာစုံညီ အစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။ အရေးယူခံရသော အသင်းသားသည် အယူခံခွင့် ရှိစေရမည်။

**၁၄။ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းနှင့်စပ်လျဉ်း၍ လုပ်ကိုင်နေသော ပုဂ္ဂိုလ်များမှာ ၄င်းတို့၏အကျိုးစီးပွားကိုကာကွယ်ရန်နှင့်လုပ်ငန်းဆိုင်ရာအဆင့်အတန်း မြှင့်တင်ရန်အတွက် ရည်သန်၍ အသင်းအဖွဲ့တည်ထောင်ဖွဲ့စည်းထားရာ ဤအသင်းနှင့်ပူးပေါင်းဆောင်ရွက်ရန် အမှုဆောင်အဖွဲ့သို့ အကြောင်းကြားခဲ့သော် ၄င်းတို့၏ ရည်ရွယ်ချက်များသည် အသင်း၏ စည်းမျဉ်းများနှင့်မဆန့်ကျင်ပါက ပူးတွဲဆောင်ရွက်ခွင့်ရှိသည်။

၁၅။ ဖွဲ့စည်းပုံ

**(က) နာယကအဖွဲ့**

နာယကအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်။

(၁) ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

(၂) ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

**(ခ) အကြံပေးအဖွဲ့**

အသင်းအတွက် အကြံပေးပုဂ္ဂိုလ်များအဖြစ် အကြံပေးအဖွဲ့ ဖွဲ့စည်းရမည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၏ ဦးဆောင်ညွှန်ကြားရေးမှူး / ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနအောက်မှ အကြီးအကဲများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အသင်း၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် တာဝန်ယူဆောင်ရွက်နိုင်သည်။ ထို့အပြင် အသင်း၏ အကျိုးစီးပွားအလို့ငှာ အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးနိုင်သည့် (၆)ဦးထက် မပိုသော ပညာရှင်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် အကြံပေးပုဂ္ဂိုလ်များအဖြစ် တာဝန်ယူဆောင်ရွက်နိုင်သည်။

**(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့-**

(၁) အသင်း၏ အလုပ်အမှုဆောင်အဖွဲ့၊ အဖွဲ့ဝင် (၁၅)ဦးကို မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။ အသင်းသား(၁)ဦးလျှင် ဆန္ဒမဲ(၁)မဲသာ ပေးရမည်။

(၂) အလုပ်အမှုဆောင်အဖွဲ့သည် ၎င်းတို့ထဲမှ ဥက္ကဋ္ဌ(၁)ဦးအပါဖြင့် အောက်ပါအတိုင်း အမှုဆောင်အဖွဲ့ကို မဲစနစ်ဖြင့် တာဝန်ပေး ရွေးချယ်ရမည်။

(က) ဥက္ကဋ္ဌ (၁)ဦး

(ခ) ဒုတိယဥက္ကဋ္ဌ (၂)ဦး**(အထက်မြန်မာနိုင်ငံအသင်းသားထဲမှ ဒုတိယဥက္ကဋ္ဌ(၁)ဦးနှင့်အောက်မြန်မာနိုင်ငံ အသင်းသားထဲမှ ဒုတိယဥက္ကဋ္ဌ(၁)ဦး )**

(ဂ) အထွေထွေအတွင်းရေးမှူး (၁)ဦး

(ဃ) တွဲဖက်အတွင်းရေးမှူး (၂)ဦး **( အထက်မြန်မာနိုင်ငံအသင်းသားထဲမှ တွဲဖက်အတွင်းရေးမှူး(၁)ဦးနှင့်အောက်မြန်မာနိုင်ငံ အသင်းသားထဲမှ တွဲဖက်အတွင်းရေးမှူး (၁)ဦး )**

(င) ဘဏ္ဍာရေးမှူး (၂)ဦး **( အထက်မြန်မာနိုင်ငံအသင်းသားထဲမှ ဘဏ္ဍာရေးမှူး(၁)ဦးနှင့်အောက်မြန်မာနိုင်ငံ အသင်းသားထဲမှ ဘဏ္ဍာရေးမှူး (၁)ဦး**

(စ) ပြန်ကြားရေးမှူး (၁)ဦး

(ဆ) စာရင်းစစ် (၁)ဦးနှင့်

(ဇ) အဖွဲ့ဝင် (၅)ဦး

(၃) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ရွေးချယ်တင်မြှောက်သည့်နေ့မှ (၂)နှစ် ဖြစ်သည်။

(၄) အထက်မြန်မာနိုင်ငံအလုပ်အမှုဆောင်အဖွဲ့ကို အထက်မြန်မာနိုင်ငံအသင်းသားထဲမှ ရွေးချယ်ထားသည့် ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပါဝင်၍ အခြားအဖွဲ့ဝင်များကို မဲစနစ်ဖြင့် ရွေးချယ်၍ ဖွဲ့စည်းရမည်။

(၅) အောက်မြန်မာနိုင်ငံအလုပ်အမှုဆောင်အဖွဲ့ကို အောက်မြန်မာနိုင်ငံအသင်းသားထဲမှ ရွေးချယ်ထားသည့် ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပါဝင်၍ အခြားအဖွဲ့ဝင်များကို မဲစနစ်ဖြင့် ရွေးချယ်၍ ဖွဲ့စည်းရမည်။

**(ဃ) အစုအဖွဲ့များနှင့် အမြဲတမ်းကော်မတီများ**

အသင်း၏တာဝန်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းရပ်များကို ဖွဲ့စည်း ပြီး၊ လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများကို ခန့်ထားနိုင်သည်။

(၁) စီမံခန့်ခွဲရေးကော်မတီ
(၂) အသင်းသားရေးရာကော်မတီ
(၃) သတင်းနှင့် ပြန်ကြားရေးကော်မတီ
(၄) စည်းကမ်းထိန်းသိမ်းရေးနှင့် အငြင်းပွားမှု ဖြေရှင်းရေးကော်မတီ
(၅) သုတေသနနှင့်လေ့ကျင့်ရေးဖွံ့ ဖြိုးရေး ကော်မတီ
(၆) အ ပြည် ပြည်ဆိုင်ရာ ဆက်သွယ်ရေးကော်မတီ
(၇) ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးကော်မတီ

**၁၆။ ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်တာဝန်များ**

(က) အလုပ်မှုဆောင်နှင့်ဗဟိုအလုပ်မှုဆောင်များ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် အရွေးချယ်ခံရန် အမည် စာရင်းတင်သွင်းခြင်းမပြုသော ကိုယ်စားလှယ် အနည်းဆုံး အဖွဲ့ဝင် (၇) ဦးပါဝင်သော ရွေးချယ် တင်မြှောက်ရေး ကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ရွေးချယ်ခံမည့် ပုဂ္ဂိုလ်များ မဟုတ်သော ဂုဏ်သရေရှိ လူကြီးများအား ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့၏ သဘာပတိအဖွဲ့ဝင်များအဖြစ် ရွေးချယ် တာဝန်ပေးရမည်။

(ဂ) ရွေးချယ်တင်မြှောက်ရေး ကော်မရှင်အဖွဲ့သည် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည်။

(၁) ရွေးချယ်တင်မြှောက်ရေး ကော်မရှင်အဖွဲ့သည် ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာကိစ္စအဝဝတို့ကို စနစ်တကျ ပြီးမြောက်စေရန် ကြိုတင်စီစဉ်မှုများ ပြုလုပ်ခြင်း။

(၂) ဗဟိုအလုပ်မှုဆောင် ရွေးချယ်တင်မြှောက်ပွဲ အမည်တင်သွင်းလွှာပုံစံနှင့် အမည်စာရင်းများကို ပြင်ဆင်ခြင်း။

(၃) မဲပေးနည်းစနစ်များကို ရှင်းလင်းတင်ပြခြင်း ( လျှို့ဝှက်/လက်ထောင်/ အဆိုတင်/ ထောက်ခံ )။

(၄) ဗဟိုအလုပ်မှုဆောင်များ ရွေးချယ်တင်မြှောက်ခြင်း ( အစည်းအဝေးသို့ တတ်ရောက်လာသော အသင်းသားများမှ တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်)

(၅) ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအလုပ်မှုဆောင်များ၏ အမည်စာရင်းများကို ကြေငြာခြင်း။

**၁၇။ အသင်း၏ ဗဟိုအလုပ်မှုဆောင်သက်တမ်း၊ အရည်အချင်းနှင့် တာဝန်အပြောင်းအလဲ**

ဗဟိုအလုပ်မှုဆောင်အဖွဲ့၏ သက်တမ်းကာလသည် (၂)နှစ်ဖြစ်သည်။ သက်တမ်းကုန်ဆုံးသော ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဟောင်းသည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအလုပ်မှုဆောင်အဖွဲ့သစ်ထံသို့ တာဝန်လွှဲပြောင်းပေးအပ်ရမည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးသည် ရာထူးသက်တမ်း (၃)ကြိမ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်ပြီးနောက် အနည်းဆုံးရာထူးသက်တမ်း(၁)ကြိမ်ခြားပြီးမှသာ ဥက္ကဋ္ဌနှင့်အထွေထွေအတွင်းရေးမှူးတာဝန်တို့ကို ထပ်မံရွေးချယ်ခံခွင့်ရှိစေရမည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် သက်တမ်း(၃)ကြိမ် ( စုစုပေါင်း ၆နှစ် ) တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့သူသည် နောက်သက်တမ်းများတွင် နာယကအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လိုက တာဝန်ထမ်းဆောင်ခွင့်ရှိစေရမည်။

နာယကတာဝန်ထမ်းဆောင်သူသည် ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံမည်ဆိုပါက နာယကအဖြစ်မှ နုတ်ထွက်ပေးရမည်။

**၁၈။ ဗဟိုအလုပ်အမှုဆောင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) ဗဟိုအလုပ်အမှုဆောင်ဟောင်းများသည် သက်တမ်းကုန်ဆုံး၍ အသစ်တာဝန်ထမ်းဆောင်မည့် ဗဟိုအလုပ်မှုဆောင်များ၏ အမည်စာရင်းကို တာဝန်ပေးအပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်ပြီး (၁၄)ရက်ထက်နောက်မကျစေဘဲ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့မှတ်ပုံတင်ရမည်။

(ခ) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ ရည်ရွယ်ချက် အထမြောက် အောင်မြင်စေရေးအတွက် မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့်လုပ်ငန်းတာဝန်များချမှတ်ပေးခြင်းတို့ ပြုလုပ်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် စီမံခန့်ခွဲရမည်။ အသင်းအတွက် မပြောင်းရွှေ့နိုင်သော ပစ္စည်းတို့ကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း။ ပေါင်နှံခြင်း၊ ကိစ္စများကို အသင်းသားစုံညီအစည်းအဝေး၏ သဘောတူညီချက်ကို ကြိုတင်ရရှိမှသာ ပြုလုပ်နိုင်သည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နှစ်ချုပ်လုပ်ငန်းအစီရင်ခံစာနှင့် စစ်ဆေး ပြီးသည့် ငွေစာရင်းရှင်းတမ်းကို နှစ်ပတ်လည် အစည်းအဝေးမကျင်းပမီ အနည်းဆုံး ရက်သတ္တ (၂)ပတ် ကြိုတင်ပြီး အသင်းသားများထံပေးပို့ရမည်။

(င) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းသည် နိုင်ငံတော်အဆင့်အသင်းဖြစ်သည့် အလျောက် ပြည်နယ်/တိုင်းဒေသကြီး/ ခရိုင်မြို့နယ်များတွင် အသင်းများဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။

(စ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းစနစ်များ၊ တာဝန်သတ်မှတ်ခြင်းများကို အခါအားလျော်စွာ ထုတ်ပြန်နိုင်ခြင်း ရှိစေရမည်။

(ဆ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏ အကျိုးစီးပွားအလို့ငှာ လိုအပ်ပါက ကျန်းမာရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ ဥပဒေအကြံပေးပုဂ္ဂိုလ်၊ တစ်ဦး (သို့မဟုတ်) အဖွဲ့အား ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။ အဆိုပါ အကြံပေးပုဂ္ဂိုလ်များအတွက် အခကြေးငွေကိုလည်းသတ်မှတ်ပေးပိုင်ခွင့်ရှိသည်။

(ဇ) ဗဟိုအလုပ်အမှုဆောင်တစ်ဦးနေရာ လစ်လပ်ပါက အနီးစပ်ဆုံး နှစ်ပတ်လည်အစည်းအဝေးမှ အလုပ်အမှုဆောင်သစ်တစ်ဦးကို ရွေးချယ်ဖြည့်စွက်ခန့်ထားနိုင်သည်။

(ဈ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးသည် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း(၃)ကြိမ် အကြောင်းမဲ့ပျက်ကွက်ခဲ့ပါက အလုပ်အမှုဆောင်အဖွဲ့ဝင်တာဝန်မှ အလိုအလျောက် ရပ်စဲသည်ဟု မှတ်ယူရမည်။

(ည) ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို လိုက်နာရမည်။

**၁၉။ စည်းမျဉ်းများအား လိုက်နာခြင်း**

ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်နှင့်မြို့နယ်အဆင့်မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဆိုင်ရာ အခြေခံအသင်းအဖွဲ့များသည် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

**၂၀။ စည်းမျဉ်းများကို ပြင်ဆင်ခြင်း**

စည်းမျဉ်းများကို (၁၄)ရက်ထက်မနည်း ကြိုတင်အကြောင်းကြားလျက် ကျင်းပသည့် အသင်းသားစုံညီအထူးအစည်းအဝေးကြီးသို့ တက်ရောက် သော မဲဆန္ဒပေးပိုင်ခွင့်ရှိသူအသင်းသား သုံးပုံနှစ်ပုံက သဘောတူညီမှသာ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း၊ ရုပ်သိမ်းခြင်းဖြင့် ပြင်ဆင်နိုင်သည်။

**၂၁။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏တာဝန်**

အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်(၃)ပါ အသင်း၏ရည်ရွယ်ချက်များကို အထမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းတို့ဖြစ်သည်။

**၂၂။ အစည်းအဝေးကျင်းပခြင်း**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများကို (၆)လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများကို (၃)လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေ၏ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများကို (၇)ရက် ကြိုတင်ဖိတ်ကြားရမည်။ဥက္ကဋ္ဌက အထူးကိစ္စကြောင့် လိုအပ်သည်ဟုယူဆလျှင် (၇)ရက်ထက် လျော့နည်း၍ဖိတ်ကြားနိုင်ခွင့်ရှိသည်။

အစည်းအဝေးကျင်းပသည့် နေရာ၊နေ့ရက် နှင့် အချိန်တို့ကို ဥက္ကဋ္ဌက သတ်မှတ်ရမည်။

အစည်းအဝေးအထမြောက်ရန် တက်ရောက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေ မပြည့်လျှင် အစည်းအဝေးကို (၇)ရက်ထက်မများရွှေ့ဆိုင်း၍ထိုရွှေ့ဆိုင်းသော အစည်းအဝေးကို တက်ရောက်လာသောဦးရေနှင့်ပင် ကျင်းပရမည်။ အထူးကိစ္စကြောင့်ခေါ်ယူရသော အစည်းအဝေး ဖြစ်လျှင်ဥက္ကဋ္ဌ၏ဆန္ဒအရ သင့်လျော်မည်ဟုယူဆရသော အချိန်သို့ရွှေ့ဆိုင်းကာ အစည်းအဝေး ကျင်းပနိုင်ခွင့်ရှိသည်။ ဤသို့အချိန်ရွှေ့ဆိုင်းလျှင် အစည်းအဝေးမတက်ရောက်သူများအား တက်နိုင်သမျှနည်းဖြင့်ထပ်မံဖိတ်ကြားရမည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင်အသင်း၏ဆောင်ရွက်ရန်လုပ်ငန်းများ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ဆောင်ရွက်ချက်များကိုချမှတ် စိစစ်သုံးသပ်ခြင်းများပြုလုပ်၍ လိုအပ်သလိုဆုံးဖြတ်ရမည်။

နှစ်ပတ်လည်အထွေထွေမျက်နှာစုံညီအစည်းအဝေးများကို (၁)နှစ်လျှင်တစ်ကြိမ် ပြုလုပ်ရမည်။ ယင်းအစည်းအဝေးကို (၁)လ ကြိုတင်အကြောင်းကြား ခေါ်ဆိုရမည်။

နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို (၁)နှစ် ပြည့် ပြီးနောက် ရက်ပေါင်း (၉၀)အတွင်း ခေါ်ဆိုကျင်းပရမည်။

မျက်နှာစုံညီအစည်းအဝေးကျင်းပရန် နေရာ၊နေ့ရက်နှင့်အချိန် တို့ကို ဗဟိုအလုပ်အမှုဆောင် အဖွဲ့က သတ်မှတ်ပေးရမည်။

**မှတ်ချက်။** ။ သာမန်အားဖြင့် မျက်နှာစုံညီအစည်းအဝေးများကို အသင်းတည်နေရာတွင် ကျင်းပရမည်။ နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးများတွင် တင်သွင်းစဉ်းစားရန် အသင်းဝင်တို့က အဆိုများပေးပို့လိုလျှင် အစည်းအဝေးမတိုင်မီ (၁၄)ရက်ကြိုတင်၍ အတွင်းရေးမှူးထံ ပေးပို့ရမည်။ မျက်နှာစုံညီအစည်းအဝေးတွင်အသင်းဝင်အားလုံး တို့ကို အနည်းဆုံး(၂)ပတ်ကြိုတင်၍ဖိတ်ကြားရမည်။နှစ်ချုပ်အစီအရင်ခံစာကို ပူးတွဲပေးပို့ရမည်။ အသင်းဝင်ဦးရေ၏ ထက်ဝက်နှင့်ကျော်လွန်သော အသင်းဝင်များ တက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။

မျက်နှာစုံညီ အစည်းအဝေး ကျင်းပရန်လိုအပ်သောအသင်းဝင်ဦးရေ မပြည့်စုံလျှင် အစည်းအဝေးကို (၇)ရက် ရွှေ့ဆိုင်း၍ ထိုရွှေ့ဆိုင်းသောအစည်းအဝေးသို့ တက်ရောက်သော ဦးရေနှင့်ပင် ကျင်းပရမည်။ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးများတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နှစ်ချုပ်အစီရင်ခံစာကိုဒုတိယဥက္ကဋ္ဌမှ တင်သွင်းခြင်း။

(ခ) ငွေစာရင်းရှင်းတမ်း၊ စာရင်းစစ်တို့၏ အစီရင်ခံစာတို့ကို ဘဏ္ဍာရေးမှူး တင်ပြခြင်း။

(ဂ) ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြောက်ခြင်း။ ( သက်တမ်းအရ(၂)နှစ် တစ်ကြိမ် )

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းကြေငြာခြင်း။

(င) အဆိုများတင်သွင်းဆုံး ဖြတ်ခြင်း။

မျက်နှာစုံညီအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်သူ အသင်းဝင်တို့၏ များရာမဲဆန္ဒဖြင့် အဆိုများကို ဆုံးဖြတ်ရမည်။ မဲဆန္ဒတူညီလျှင် သဘာပတိသည် နိုင်မဲပေးနိုင်သည်။

အထူးမျက်နှာစုံညီအစည်းအဝေးကို ဗဟိုအလုပ်မှုဆောင်အဖွဲ့လိုအပ်သည်ဟု ယူဆဆုံးဖြတ်လျှင်သော်လည်းကောင်း၊ အသင်းဝင်တစ်ဦးစီမှ အကြောင်း ပြလက်မှတ် ရေးထိုးတောင်းဆိုသည့်အခါ အသင်းဝင် ဦးရေ နှစ်ဆယ့် ငါးရာခိုင်နှုန်း ပြည့်လျှင် သော်လည်းကောင်း၊ဗဟိုအလုပ်မှုဆောင်အဖွဲ့က ခေါ်ဆိုကျင်းပရမည်။

အသင်းဝင်ဦးရေနှစ်ဆယ့်ငါးရာခိုင်နှုန်းက တောင်းဆိုသော အထူးမျက်နှာစုံညီအစည်းအဝေးကို တောင်းဆိုသည့်နေ့မှ (၃၀)ရက်အတွင်းခေါ်ဆိုပေးရမည်။

အထူးမျက်နှာစုံညီအစည်းအဝေးများတွင် အစည်းအဝေးခေါ်ဆိုရသည့်အကြောင်းရင်းကိုသာလျှင် ဆွေးနွေးဆုံး ဖြတ်ရမည်။

မျက်နှာစုံညီအစည်းအဝေးများတွင် ဥက္ကဋ္ဌသည် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။

## ၂၃။ ရန်ပုံငွေ

(က) မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ ဝင်ငွေ၊ ရန်ပုံငွေများနှင့် ရရန်ပိုင်ခွင့်များကို အသင်း၏အဖွဲ့ဝင် (သို့မဟုတ်) ယင်းအဖွဲ့ဝင်နှင့် ပတ်သက်ဆက်နွယ်မှုရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်ကျိုးစီးပွားအတွက် အသုံးမပြုရန် ကန့်သတ်ထားသည်။

(ခ) အသင်း၏ ရန်ပုံငွေများအား အသင်း၏ရည်ရွယ်ချက်ပါ လုပ်ငန်းများအတွက်သာ သုံးစွဲရမည်ဖြစ်သော်လည်း အသင်းလုပ်ငန်းသုံးအတွက် လိုအပ်မှု (ဥပမာ- အသင်းရေရှည်ရပ်တည်ရေးအတွက် ရုံးခန်းဝယ်ယူခြင်း၊ လိုအပ်သည့်ရုံးခန်းသုံးပစ္စည်းကိရိယာများဝယ်ယူခြင်း၊ သင်ထောက်ကူပစ္စည်းများဝယ်ယူခြင်း စသည်)၊ အချိန်အခါအရ အရေးကြီးမှု၊ ဒေသခံပြည်သူတို့အတွက် အကျိုးရှိမှုရှိသည့်အခါ အသင်း၏ရန်ပုံငွေကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏သဘောတူဆုံးဖြတ်ချက်ဖြင့်သုံးစွဲရန်ခွင့်ပြုသည်။

## ၂၄။ ငွေကြေးဆိုင်ရာကိစ္စများ

(က) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းနှင့် ဖွဲ့စည်းထားသော အသင်း အဆင့်ဆင့်သည် ရငွေ၊ သုံးငွေဆိုင်ရာ ငွေစာရင်းများထားရှိခြင်းတို့ကို တည်ဆဲအသင်းအဖွဲ့များဆိုင်ရာ ဘဏ္ဍာရေး၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းနှင့် ဖွဲ့စည်းထားသော အသင်း အဆင့်ဆင့်သည် ရန်ပုံငွေကို ဘဏ်တွင် သီးခြားငွေစာရင်း ဖွင့်လှစ်ရမည်။

(ဂ) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းအဆင့်ဆင့်များတွင် ပါဝင်သော အစိုးရဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် အဖွဲ့၏ အစည်းအဝေးများ တက်ရောက်ခြင်း၊ အဖွဲ့ကပေးအပ်သော တာဝန်များ ဆောင်ရွက်ခြင်းတို့အတွက် အသင်းက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၅။ **အခြေခံအဆောက်အအုံတည်ဆောက်မှုလုပ်ငန်းအကူအညီ**

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို အသင်းအတွက် အဆောက်အအုံမြေနေရာ၊ ယာဉ်နှင့်စက်ကိရိယာ၊ အခြားရုံးသုံးပစ္စည်းများ ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ စည်ပင်သာယာရေးအုပ်ချုပ်ရေးအဖွဲ့များထံမှ လိုအပ်သော ပံ့ပိုးကူညီမှုများ ရယူနိုင်သည်။

၂၆။ **ပြည်နယ်/တိုင်းဒေသကြီးလုပ်ငန်းအသင်းခွဲများ**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ လက်အောက်တွင် ပြည်နယ်/တိုင်းဒေသကြီး အသင်းခွဲများကို ဖွဲ့စည်းနိုင်သည်။ အဆိုပါ ပြည်နယ်/တိုင်းဒေသကြီး အသင်းခွဲများသည် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအား တာဝန်ခံရမည်ဖြစ် ပြီး အသင်း၏ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာရမည်။

၂၇။ **ဖွဲ့စည်းပုံအင်အား**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ(၂)ဦး၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦး၊ ဘဏ္ဍာရေးမှူး(၂)ဦး၊ ပြန်ကြားရေးမှူး၊ စာရင်းစစ်၊ အဖွဲ့ဝင်(၂)ဦးမှ (၁၀)ဦးထိ ပေါင်း(၁၂)ဦးမှ (၁၉)ဦးဖြင့် ဖွဲ့စည်းရမည်။

**နောက်ဆက်တွဲ (က)**

**<u>အသင်းဝင်အရည်အချင်းသတ်မှတ်ချက်</u>**

(က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ကထုတ်ပေးသည့် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင်ရရှိထားသည့် မြန်မာနိုင်ငံတဝန်းလုံးမှပုဂ္ဂလိကဆေးရုံ များသည်အသင်းဝင် (Legal Personality) အ ဖြစ်ပါဝင်ခွင့်ရှိသည်။

(ခ) အသင်းဝင်အ ဖြစ်ပါဝင်သောဆေးရုံသည် ဆေးရုံပိုင်ရှင် သို့မဟုတ် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ မှ တာဝန်ပေးအပ်သူ တစ်ဦးဦးအားကိုယ်စားလှယ်လွှဲစာ ဖြင့် ဆေးရုံကိုတိုက်ရိုက် ကိုယ်စားပြုရန် စေလွှတ်ရမည်။

**ယင်းကိုယ်စားလှယ်သည်-**

(၁) ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။

(၂) အသက် (၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(၃) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာဗဟိုအဖွဲ့ကထုတ်ပေးသည့် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင် ဖြင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများကို တည်ထောင်ဆောင်ရွက်လျက်ရှိသူ ဖြစ်ရမည်။

(၄) ကုမ္ပဏီ/အဖွဲ့အစည်း ဖြစ်ပါက တရားဝင်မှတ်ပုံတင် ရှိရမည်။

(၅) အသင်း၏အကျိုးအတွက် အချိန်ပေး ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၆) အကျင့်စာရိတ္တကောင်းမွန် ပြီး၊ အများအကျိုးသယ်ပိုးလိုစိတ်ရှိရမည်။

(၇) အသင်းမှချမှတ်ထားသော စည်းကမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှအခါ အားလျော်စွာ ချမှတ်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(၈) အသင်း၏ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်ရာတွင်ပါဝင် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၉) မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းလုပ်ငန်းကို စိတ်ပါဝင်စားပြီး အသင်းသား ဖြစ်ရန် အရည်အချင်း ပြည့်မီသူအားလုံးပါဝင်ခွင့်ရှိသည်။

(၁၀) မိမိဆေးရုံအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသူ ဖြစ်ရမည်။

(၁၁) အသင်း၏အလုပ်အမှုဆောင်ကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖြစ် ရွေးချယ်တင်မြှောက်ခံခွင့်ရှိသည်။

(၁၂) အသင်း၏မျက်နှာစုံညီ အစည်းအဝေးတိုင်း တက်ရောက်ရမည်။

(၁၃) အသင်း၏လုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ကိုင်ဆောင်ရွက်သူ ဖြစ်ရမည်။

(၁၄) အသင်း၏အစည်းအဝေးတွင် မဲပေးနိုင်ခွင့်ရှိသည်။

<u>**အသင်းဝင်တာဝန်သတ်မှတ်ချက်များ**</u>

(၁) အသင်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာရမည်။

(၂) အသင်းရှင်သန်ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် အသင်းကပေးအပ်သော တာဝန်များ ကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရမည်။

(၃) အသင်း၏အစည်းအဝေးဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက် ရမည်။

(၄) အများ ပြည်သူအကျိုး၊ လူနာများအကျိုး တိုးတက်ဖြစ်ထွန်းရေးအတွက် နည်းလမ်းကောင်းများ အစဉ်အမြဲရှာဖွေကြံဆကာ အသင်းသို့ တင်ပြအကြံပေးရမည်။

(၅) ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးများတွင် အချိန်ပေး တက်ရောက်ရမည်။

(၆) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ လုပ်ငန်းကဏ္ဍဖွံ့ ဖြိုးရေးအတွက် အကြံဉာဏ်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသင်း၏လုပ်ငန်းများတွင် ဦးဆောင်မှုပြုနိုင်သူဖြစ်ရမည်။

## အကြံပေးအဖွဲ့၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ အထွေထွေအတွင်းရေးမှူးနှင့်တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများ စာရင်းစစ်တို့၏ အရည်အချင်းသတ်မှတ်ချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

### အကြံပေးအဖွဲ့ဝင်များ၏ အရည်အချင်းများ

၁။ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာန/အဖွဲ့အစည်းများ၏ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အခြားဝန်ကြီးဌာနများမှ အကြီးအကဲများသည် အသင်း၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် တာဝန်ယူဆောင်ရွက်နိုင်သည်။

၂။ လိုအပ်ပါက မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်စေနိုင်သည်။

၃။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ လုပ်ငန်းကို စိတ်ပါဝင်စားပြီး လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကိုရှေးရှု၍ ခေတ်မီအကြံဉာဏ်ကောင်းများပေးနိုင်သူ ဖြစ်ရမည်။

၄။ မိမိအကျိုးစီးပွားထက် မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အကျိုးကို အလေးထားဦးစားပေးသူ ဖြစ်ရမည်။

## အကြံပေးအဖွဲ့ဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁။ အကြံပေးပုဂ္ဂိုလ်သည် သာမန်အားဖြင့် မိမိအဖွဲ့အစည်းက တာဝန်ယူအကောင်အထည်ဖော်သည့်လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သောအကြံဉာဏ်များပေးရမည်။

၂။ အကြံပေးပုဂ္ဂိုလ်သည် မိမိအဖွဲ့အစည်းက တာဝန်ယူအကောင်အထည်ဖော်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပသတင်းအချက်အလက်နှင့် ခေတ်မီနည်းပညာများကို စုဆောင်းရှာဖွေ၍ အဖွဲ့သို့ တင်ပြပေးရန် တာဝန်ရှိပါသည်။

## ဥက္ကဋ္ဌ၏ အရည်အချင်းများ

၁။ ဉာဏ်ပညာကြီးမားပြီး အတွေ့အကြုံကြွယ်ဝကာ အများအကျိုးလိုလားသူ၊ ပြည်တွင်း/ ပြည်ပ ဗဟုသုတကြွယ်ဝသူဖြစ်ရမည်။

၂။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး၊ လုပ်ငန်းအစီအစဉ်များကို အဆင့်မြှင့်တင်နိုင်စွမ်းရှိသူ ဖြစ်ရမည်။

၃။ မိမိအဖွဲ့အစည်း၏ လုပ်ဆောင်ချက်နှင့်ဆုံးဖြတ်ချက်များ မှန်ကန်၍ တရားမျှတမှုရှိစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်နိုင်သူ၊ လိုလားသူ ဖြစ်ရမည်။

၄။ စီမံခန့်ခွဲရေးစွမ်းရည်မြင့်မားသူ၊ အတွေ့အကြုံများသူ ဖြစ်ရမည်။

၅။ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသူ ဖြစ်ရမည်။

၆။ မိမိ၏ အကျိုးစီးပွားထက် မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အကျိုးကို အလေးထားဦးစားပေးဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ အဖွဲ့အစည်းအတွင်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ကိုယ်စားပြုသူ မဖြစ်စေရ။

၈။ အသင်းအတွင်း မသင့်မတင့်ဖြစ်မှုများ၊ အငြင်းပွားမှုများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကင်းရှင်းစွာ စနစ်တကျဖြေရှင်းရန် ကြိုးပမ်းစွမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၉။ နိုင်ငံတော်က ချမှတ်သည့်မူဝါဒလမ်းစဉ်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ထိရောက်သော ဦးဆောင်မှုပေးနိုင်သူ ဖြစ်ရမည်။

၁၀။ ကျန်းမာရေးဆိုင်ရာ ခြွင်းချက်မှတပါး ဗဟိုအလုပ်အမှုဆောင်အဖွဲ့သက်တမ်းကာလ ကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

## ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁။ ဥက္ကဋ္ဌသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ အခြားဝန်ကြီးဌာနများနှင့်သော်လည်းကောင်း၊ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည်။

၂။ အသင်းလုပ်ငန်းကဏ္ဍအတွင်း မသင့်မတင့်ဖြစ်မှုများ၊ အငြင်းပွားမှုများကို ဝန်ကြီးဌာန၏ လမ်းညွှန်မှုများ ခံယူ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းနိုင်ရန် ကြိုးပမ်းရမည်။

၃။ ဥက္ကဋ္ဌသည် အသင်းဝင်များ၏ မျက်နှာစုံညီအစည်းအဝေး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက် ပြီး၊ မိမိအဖွဲ့အစည်း၏ ပုံမှန်အစည်းအဝေးများကို ဦးဆောင်ကျင်းပရမည်။ လိုအပ်လျှင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ခွင့် ရှိသည်။

၄။ ဥက္ကဋ္ဌသည် အသင်း၏ရည်ရွယ်ချက်များအောင်မြင်ရေးနှင့်ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးတို့အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဦးဆောင်ခြင်း၊ လုပ်ငန်းများကို ကြီးကြပ်ခြင်းတို့ ပြုလုပ်ရမည်။

၅။ အမှုဆောင်အဖွဲ့၏ သက်တမ်းကုန်ဆုံးသည့်အခါ နောက်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြောက်ရေးလုပ်ငန်းများ ပြီးမြောက်သည်အထိ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

၆။ ဥက္ကဋ္ဌ၏ တစ်ကြိမ်လျှင် ငွေကြေးသုံးစွဲခွင့်ကို သက်ဆိုင်ရာဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း သုံးစွဲနိုင်သည်။

၇။ ဥက္ကဋ္ဌသည် သာမန်အားဖြင့် မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိကိုယ်စား ဒု-ဥက္ကဋ္ဌများကို တာဝန် ပေးဆောင်ရွက်စေနိုင်သည်။

၈။ ဗဟို အလုပ်မှုဆောင်အဖွဲ့ အစည်းအဝေး ကြားကာလများတွင် ဥက္ကဋ္ဌသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင် ပြီး ယင်းသို့ ဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ဗဟိုအလုပ်မှုဆောင်အစည်းအဝးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

## ဒုတိယဥက္ကဋ္ဌများ၏ အရည်အချင်းများ

၁။ သာမန်အားဖြင့် ဥက္ကဋ္ဌ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

## ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁။ ဒုတိယဥက္ကဋ္ဌ တစ်ဦးစီသည် သက်ဆိုင်ရာ အထက်မြန်မာ ပြည်အလုပ်အမှုဆောင်အဖွဲ့နှင့် အောက်မြန်မာ ပြည်အလုပ်အမှုဆောင်အဖွဲ့တို့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေး ထမ်းဆောင်ရမည်။

၂။ အကြောင်းကြောင်းကြောင့် ဥက္ကဋ္ဌအပါအဝင်ဆောင်ရွက်ခြင်းမပြုနိုင်သောကိစ္စတိုင်းတွင် ဥက္ကဋ္ဌကိုယ်စား ပါဝင်ဆောင်ရွက်ရမည်။

၃။ အခါအားလျော်စွာ ဥက္ကဋ္ဌကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၄။ ဘဏ်အပ်နှံထားသောငွေများကို ငွေထုတ်ယူတိုင်းဒုတိယဥက္ကဋ္ဌသည် ချက်လက်မှတ်တွင် အထွေထွေအတွင်းရေးမှူး(သို့မဟုတ်)ဘဏ္ဍာရေးမှူးတစ်ဦးဦးနှင့်အတူ ပူးတွဲလက်မှတ်ရေးထိုး ပေးရမည်။

## အထွေထွေအတွင်းရေးမှူး၏အရည်အချင်းများ

၁။ သာမန်အားဖြင့် အတွင်းရေးမှူး အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည့် အပြင် အောက်ပါအရည်အချင်းများနှင့်လည်း ပြည့်စုံသူဖြစ်ရမည်။

(က) အသင်းအဖွဲ့ဆိုင်ရာကိစ္စများကို ထိတွေ့ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ခ) အသင်းလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်သွယ် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ဂ) မိမိအဖွဲ့အစည်းနှင့်အစဉ်သဖြင့် နီးနီးကပ်ကပ်ထိတွေ့ကာ တာဝန်ယူလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။

### အထွေထွေအတွင်းရေးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁။ အထွေထွေအတွင်းရေးမှူးသည်စီမံခန့်ခွဲရေးလုပ်ငန်းများကို ရုံးအဖွဲ့နှင့်ကြီးကြပ်ဆောင်ရွက်ရမည်။

၂။ အသင်းအဖွဲ့ ဖွဲ့စည်းရေးနှင့်အသင်းဝင်ရေးရာကိစ္စများကို ရုံးအဖွဲ့နှင့်ကြီးကြပ်ဆောင်ရွက်ရမည်။

၃။ ရုံးအဖွဲ့အား တိုက်ရိုက်ကွပ်ကဲဆောင်ရွက်ရမည်။

၄။ အဖွဲ့အစည်း၏ လုပ်ငန်းများနှင့်ပတ်သက်၍ အတွင်းရေးမှူးအဖွဲ့ကို ဦးဆောင်အကောင်အထည်ဖော်ရမည်။

၅။ မိမိအလုပ်အမှုဆောင်အဖွဲ့ သက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

၆။ အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက် ပြီးသည်အထိ တာဝန်ယူဆောင်ရွက်ပေးရမည်။

၇။ အထွေထွေအတွင်းရေးမှူးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီဆောင်ရွက်ရမည်။

ဆောင်ရွက် ပြီးစီးမှုကို အနီးကပ်ဆုံး ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသို့ ပြန်လည်အစီရင်ခံတင်ပြရမည်။

၈။ အထွေထွေအတွင်းရေးမှူးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရဆောင်ရွက်ရမည့်ကိစ္စများကို ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကြားကာလများတွင် ဥက္ကဋ္ဌထံ တင်ပြ၍ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရမည်။

၉။ အထွေထွေအတွင်းရေးမှူးသည် ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရသော်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ညွှန်ကြားချက်အရသော်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ခေါ်ဆိုပေးရမည်။

၁၀။ အဖွဲ့အစည်း၏ အစည်းအဝေးများကို မပျက်မကွက်တက်ရောက်ရန် တာဝန်ရှိသည်။ မိမိကိုယ်စား တွဲဖက်အတွင်းရေးမှူးများအား တာဝန်ပေးတက်ရောက်စေနိုင်သည်။

၁၁။ အထွေထွေအတွင်းရေးမှူးသည် အသင်း၏ စာပေးစာယူကိစ္စများကို ဆောင်ရွက်ရမည်။ အသင်းအတွက်လိုအပ်သောကြေငြာချက်များကိုထုတ်ပြန်ရမည်။ အစည်းအဝေးမှတ်တမ်းများကို ပြုစုထိန်းသိမ်းရမည်။ အသင်းပိုင်ပစ္စည်းများကို စာရင်းပြုစု၍ထိန်းသိမ်းထားရမည်။

၁၂။ အသင်း၏ ဘဏ္ဍာငွေများထဲမှ ငွေထုတ်တိုင်း အတွင်းရေးမှူးသည် ချက်လက်မှတ်တွင် ဘဏ္ဍာရေးမှူးနှင့် လက်မှတ်ထိုးပေးရမည်။

၁၃။ အသင်းကိစ္စအတွက် အရေးပေါ်ဆောင်ရွက်နိုင်ရန် ငွေသုံးစွဲမှုကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကြိုတင်ထုတ်ယူထားနိုင်သည်။

၁၄။ အထွေထွေအတွင်းရေးမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိကိုယ်စား တွဲဖက်အတွင်းရေးမှူးများအားတာဝန်ပေးဆောင်ရွက်စေနိုင်သည်။

### တွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်းများ

၁။ သာမန်အားဖြင့် အတွင်းရေးမှူး အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

### တွဲဖက်အတွင်းရေးမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁။ တွဲဘက်အတွင်းရေးမှူးများသည် အတွင်းရေးမှူးနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ခွဲဝေပေးသောတာဝန်များကို ထမ်းဆောင်ရမည်။

၂။ အကြောင်းကြောင်းကြောင့် အတွင်းရေးမှူး ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်သော ကိစ္စတိုင်းတွင် အတွင်းရေးမှူးကိုယ်စား ပါဝင်ဆောင်ရွက်ရမည်။

၃။ အခါအားလျော်စွာ အတွင်းရေးမှူးကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသော တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို ဆောင်ရွက်ရမည်။

၄။ အတွင်းရေးမှူးနှင့် ညှိနှိုင်း ပြီး ရုံးအဖွဲ့အား ကွပ်ကဲဆောင်ရွက်ရမည်။

၅။ အဖွဲ့အစည်း၏ လုပ်ငန်းများနှင့် ပတ်သက်၍ အတွင်းရေးမှူးအဖွဲ့ပုံသဏ္ဍာန်ဖြင့် အကောင်အထည် ဖော်ရမည်။

၆။ မိမိအလုပ်အမှုဆောင်အဖွဲ့ သက်တမ်းကုန်သည်အထိ တာဝန်ထမ်းဆောင်ရမည်။

### ဘဏ္ဍာရေးမှူးများ၏ အရည်အချင်းများ

၁။ ဘဏ္ဍာရေးဆိုင်ရာ၊ စာရင်းအင်းဆိုင်ရာအတွေ့အကြုံရှိသူဖြစ်ရမည်။

၂။ သာမန်အားဖြင့် ဘဏ္ဍာရေးမှူး အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

### ဘဏ္ဍာရေးမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁။ အသင်း၏ အရ၊ အသုံးဆိုင်ရာ စာရင်းများ၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ အလှူငွေစသော ငွေစာရင်း ဆိုင်ရာကိစ္စအဝဝကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြတောင်းခံခြင်း၊ ပြုစုရေးဆွဲခြင်းစသော လုပ်ငန်းများကို လုပ်ဆောင်ရမည်။

၂။ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများကို အသင်းဝင်များထံမှ ကောက်ခံရမည်။

၃။ ဘဏ္ဍာရေးမှူးများအနေဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သတ်မှတ်သော ငွေပမာဏကို အသင်း၏အရေးပေါ်လိုအပ်ချက်အတွက် ထိန်းသိမ်းထားနိုင် ပြီး ယင်းပမာဏထက် ပိုသောငွေကို အသင်း၏ဘဏ်စာရင်းတွင် အပ်နှံရမည်။

၄။ ဘဏ်အပ်နှံထားသောငွေများကို ငွေထုတ်ယူတိုင်း ချက်လက်မှတ်တွင် ဒုတိယဥက္ကဋ္ဌ (သို့မဟုတ်) အထွေထွေအတွင်းရေးမှူး တစ်ဦးဦးနှင့်အတူ ပူးတွဲလက်မှတ်ရေးထိုးပေးရမည်။

၅။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ သက်တမ်းမကုန်မီ (၂)ပတ်အလိုတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ (၁)နှစ်အတွင်း ရသုံးငွေစာရင်း အစီရင်ခံစာကို ပြုစုပြီး၊ Audit Firm တစ်ခု၏ ထောက်ခံချက်နှင့်အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။

၆။ အသင်းအတွင်း ခန့်အပ်ထားသော စာရင်းစစ်များ၊ လိုအပ်ပါက ပြင်ပစာရင်းစစ်များမှ စာရင်းအင်းများကို တောင်းခံစစ်ဆေးမှုပြုလုပ်ပါက ပူးပေါင်းဆောင်ရွက်အစစ်ဆေးခံရမည်။

### ပြန်ကြားရေးမှူး၏ အရည်အချင်းများ

သာမန်အားဖြင့် ပြန်ကြားရေးမှူး အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

## ပြန်ကြားရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ပြန်ကြားရေးမှူးသည် အသင်း၏ လုပ်ဆောင်ချက်များကို အသင်းဝင်များနှင့် အများ ပြည်သူတို့ သိရှိရန်အလို့ငှာ သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အတည်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

## စာရင်းစစ်၏ အရည်အချင်းများ

၁။ ဘဏ္ဍာရေးဆိုင်ရာ၊ စာရင်းအင်းဆိုင်ရာအတွေ့အကြုံရှိသူဖြစ်ရမည်။

၂။ သာမန်အားဖြင့် စာရင်းစစ် အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်ရပါမည်။

## စာရင်းစစ်၏ လုပ်ငန်းတာဝန်များ

၁။ အသင်း၏လုပ်ထုံးလုပ်နည်းအရ အသုံးဆိုင်ရာငွေစာရင်းများ၊ ဘဏ္ဍာရေးမှူးများမှ ပြုစုထားသော ငွေစာရင်းဆိုင်ရာအချက်အလက်များကိုတစ်လတစ်ကြိမ် စစ်ဆေးအတည်ပြုပေးရမည်။

၂။ စာရင်းများတွင် အမှားအယွင်းလွဲချော်မှုတစ်စုံတစ်ရာရှိပါက ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့ အချိန်မီ အသိပေးအကြောင်းကြားရမည်။

၃။ အသင်းပိုင်ငွေကြေးနှင့် ပစ္စည်းများအလွဲသုံးစားပြုခံရမှုရှိခဲ့လျှင် အသင်းကိုယ်စား ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၄။ အသင်းမှ လိုအပ်ချက်နှင့်အညီ အတွင်းပိုင်း သို့မဟုတ် သီးသန့်/ပြင်ပ စာရင်းစစ်များနှင့် ပူးပေါင်းစာရင်းစစ်ဆေးရန် ပူးပေါင်းဆောင်ရွက်ရမည်။

**နောက်ဆက်တွဲ(ခ)**

## အသင်းဝင်များလိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ

၁။ အသင်းဝင်များသည် အောက်ပါစည်းကမ်းများကို လိုက်နာရန်တာဝန်ရှိ ပြီး ပျက်ကွက်ပါက သတိပေးခြင်း၊ အသင်းမှထုတ်ပယ်ခြင်း၊ သက်ဆိုင်ရာသို့တင်ပြ၍ အမည်ပျက်စာရင်းထုတ်ပြန်ခြင်း၊ ဥပဒေအရ အရေးယူခြင်းစသည့်အရေးယူဆောင်ရွက်မှုများပြုလုပ်မည်ဖြစ်သည်။

(က) မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းကို ထိခိုက်စေမည့် လုပ်ဆောင်ချက်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ။

(ခ) နိုင်ငံ၏ ဂုဏ်သိက္ခာထိခိုက်စေမည့် လုပ်ဆောင်ချက်များကို မပြုလုပ်ရ။

(ဂ) အသင်း၏ ရည်ရွယ်ချက်များကို ဆန့်ကျင်သောလုပ်ဆောင်ချက်များ မပြုလုပ်ရ။

(ဃ) အသင်း၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည့်ပြုမူပြောဆိုမှုများ မပြုလုပ်ရ။

(င) အသင်းသားတစ်ဦး၏ တာဝန်အရ ပေးဆောင်ရန်ရှိသော ကောက်ခံငွေများကို ပြေကြေစွာ ပေးဆောင်ရမည်။

(စ) အများလက်ခံထားသည့် ကျင့်ဝတ်သိက္ခာများကို မဖောက်ဖျက်ရ။

(ဆ) အသင်းမှချမှတ်ထားသော ဆုံးဖြတ်ချက်များကို လိုက်နာရမည်။

(ဇ) အသင်းမှ လိုအပ်သည့်အခါ ပေးအပ်သောတာဝန်များကို ပူးပေါင်းဆောင်ရွက်ရမည်။

(ဈ) အသင်းသားသည် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်ဖြစ်ပါက အသင်းမှ ခေါ်ယူသော အစည်းအဝေးများတွင် ခွင့်ပန်ကြားခြင်းမပြုဘဲ ပျက်ကွက်ခြင်းမပြုလုပ်ရ။ ပျက်ကွက်ပါက ပျက်ကွက်မှုအခြေအနေကို စီမံခန့်ခွဲရေးကော်မတီတွင် တင်ပြ ပြီး၊ (၁)သတိပေးခြင်း၊ (၂)ခေါ်ယူဆွေးနွေးခြင်း၊ (၃)တာဝန်အဆင့်လျှော့ချခြင်း။ (၄)တာဝန်/အသင်းဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို အရေးယူဆောင်ရွက်မည် ဖြစ်သည်။

(ည) အသင်းဝင်တစ်ဦးသည် အောက်ပါအချက်တစ်ခုခုနှင့်ငြိစွန်းပါက အသင်းသားအဖြစ်မှ ရပ်စဲခံရမည်ဖြစ် ပြီး ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင် မှတ်တမ်းတင်ရမည်။

(၁) သေဆုံးခြင်း။
(၂) မြန်မာနိုင်ငံသားအဖြစ်မှရပ်စဲခံရခြင်း။
(၃) စိတ်ရူးသွပ်ရောဂါစွဲကပ်ခြင်း။
(၄) သာသနာ့ဘောင်သို့ ထာဝစဉ်ဝင်ရောက်ခြင်း။
(၅) လူမွဲအဖြစ်ကြေညာခံရခြင်း။
(၆) အကျင့်စာရိတ္တထိခိုက်စေသည့်ပြစ်မှုထင်ရှားစီရင်ခံရခြင်း။
(၇) နာမည်ပျက်စာရင်း ( Black List ) ကြေညာခံရခြင်း။
(၈) အသင်းဝင်အစည်းအဝေးဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် ပျက်ကွက်သူများ။
(၉) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့က ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရသော အသင်းဝင်ဆေးရုံသည် ထိုသို့ လိုင်စင်ရုပ်သိမ်းခံရသောနေ့ရက်မှစ၍ အသင်း၏အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက်ထုတ်ပယ်ပြီးဖြစ်သည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးလုပ်ထုံးလုပ်နည်းများ**

၁။ အစည်းအဝေးသို့ ဥက္ကဋ္ဌတက်ရောက်လျှင် ဥက္ကဋ္ဌကသာ သဘာပတိအဖြစ် ဆောင်ရွက်ရန် ဖြစ်ပြီး အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါ အလုပ်အမှုဆောင်အဖွဲ့ဝင်များက သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ရန်။

၂။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၅၀ရာခိုင်နှုန်းကျော် အစည်းအဝေးတက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၃။ အစည်းအဝေးတွင် ဆုံးဖြတ်ရန်ရှိပါက အများသဘောဆန္ဒဖြင့်သာ ဆုံးဖြတ်ရန်နှင့်မဲဆန္ဒဖြင့် ဆုံးဖြတ်ရန်။

၄။ မဲခွဲဆုံးဖြတ်ရာတွင် သဘာပတိမှ လျှို့ဝှက်မဲမပေးဘဲ နှစ်ဖက်ဆန္ဒတူ ( Tie )ဖြစ်နေပါက သဘာပတိမှ အဆုံးအဖြတ်မဲ ( Casting Vote )ပေး၍ ဆုံးဖြတ်ရန်။

၅။ အဆုံးအဖြတ်အားလုံးသည် အစည်းအဝေးတက်ရောက်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အားလုံး၏ တစ်ဝက်ကျော်ထောက်ခံမှသာ အတည်ဖြစ်မည်။

၆။ အစည်းအဝေးဆုံးဖြတ်ချက်နှင့် မှတ်တမ်းများကို အတွင်းရေးမှူးအဖွဲ့နှင့် ရုံးအဖွဲ့မှ ဗဟိုအလုပ်ဆောင်အားလုံးသို့ အစည်းအဝေးတက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည် ဖြစ်စေ အမြန်ပေးပို့ရမည်။

## မဲပေးစနစ်

၁။ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ အစည်းအဝေးများတွင် မိမိ၏ သဘောတူညီမှုကို လက်ထောင်မဲပေးခြင်းဖြင့် တင်ပြနိုင်သည်။ တစ်ဦးလျှင် ဆန္ဒမဲ တစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

၂။ အသင်းသားများ၏ တောင်းဆိုမှုကြောင့်လည်းကောင်း၊ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်ကြောင့် လည်းကောင်း၊ လိုအပ်လျှင် လျှို့ဝှက်မဲစနစ် ( Poll )ကို အသုံးပြု၍ မဲဆန္ဒပေးနိုင်သည်။

## အထွေထွေ

၁။ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းသည် နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းသည် အများ ပြည်သူ၏ ကျန်းမာရေးကို ရှေးရှု၍ အကောင်းဆုံးဝန်ဆောင်မှုအတွက် အသင်းဝင်တိုင်း ဦးဆောင်ဦးရွက်ပြုပေးရမည်။

၃။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေလိုသော ကိစ္စရပ်များ ပေါ်ပေါက်လာပါက အသင်းဝင်အတွက် ဦးဆောင်ဦးရွက်ပြု၍ မှန်မှန်ကန်ကန် ရပ်တည် ကူညီဖြေရှင်းပေးရမည်။

၄။ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းသည် နိုင်ငံတော်အစိုးရ၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ဖြင့် မှတ်ပုံတင်ဖွဲ့စည်းထားခြင်း ဖြစ်၍ အသင်းရည်ရွယ်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျ လိုက်နာဆောင်ရွက်သွားရမည်။

၅။ ဤအသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ အသင်းပြန်လည် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း တရားဝင်အသင်းမှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်တွင် မှတ်ပုံတင်နံပါတ်အသစ်ဖြင့် ခွင့်ပြုသည့် နေ့ရက်မှစ၍ အတည်ဖြစ်ရမည်။